ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွာသာကျေးရွာ၊ ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မတ်လ

## မာတိကာ


| | |
|---|---|
| မာတိကာ | ၂-၄ |
| အတိုကောက်စကားလုံးများ | ၅ |
| စကားချီး | ၆ |
| လယ်ကြီးကွင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | ၇ |
| လယ်ကြီးကွင်းကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | ၈ |
| လယ်ကြီးကွင်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ | ၉ |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

| | |
|---|---|
| (၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| (၁-၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (၁-၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၀-၁၂ |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | ၁၂-၁၃ |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| ( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေးနှင့် အာဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၃-၁၅ |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၅-၁၈ |

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၉–၂၀
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၀–၂၁
(၇) ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်ချိတ်ဆက်မှုမူဝါဒများ ၂၁–၂၂
(၈) ဦးစားပေးစီမံချက်နှင့်အကောင်အထည်ဖော်မည့်အချိန်ကာလ ၂၂–၂၅
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၅–၂၆
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၆–၂၈
(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၈–၃၀
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ ၃၁–
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ခတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာခနေအဆင့်အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀	မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁	မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂	စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ
ဇယား ၂၃	စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄	ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံပုံစံနှင့်အချိန်ကာလ
ဇယား ၂၅	ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆	ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇	ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈	ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉	ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀	ပညာရေးနှင့်စာတတ်မြောက်မှု
ဇယား ၃၁	ကျောင်းတက်နှုန်း
ဇယား ၃၂	စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃	ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄	အဖြစ်များသော ရောဂါများ
ဇယား ၃၅	လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆	ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇	သောက်သုံးရေရရှိမှု
ဇယား ၃၈	အိမ်သာအမျိုးအစား
ဇယား ၃၉	ကျား၊ မရေးရာ
ဇယား ၄၀	ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁	ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂	ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃	သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄	လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅	ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား ၄၆	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇	ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၈	မှုခင်းဖြစ်ပွားမှု အခြေအနေ – ၇၅
ကိုးကားစာရင်း – ၈၆

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ရွာသာကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုယခင်ကာလများကစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွာသာကျေးရွာ
ဟသ်ာတမြို့နယ်

# ရွာသာကျေးရွာအုပ်စု၊ ရွာသာကျေးရွာသယံဇာတပြမြေပုံ



# ရွာသာကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟင်္သာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကဲ | ဓါတ်မြေသြဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | - | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

## ရွာသာကျေးရွာ အဖွဲ့အစည်းပြမြေပုံ၊ ဟင်္သာတမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲ အကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြ ထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤ အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာ လူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီ

များကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက် ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရွာသာကျေးရွာသည် ဟင်္သာတမြို့နယ်၏အနောက်ဘက်(၁၀)မိုင်ခွဲခန့် အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏အနောက်ဘက်တွင် အင်္ဂပူမြို့ရှိပြီး (၁၈)မိုင်ခန့် ကွာဝေးပါသည်။ ရွာ၏အနောက်တောင်ဘက်တွင် လေးမျက်နှာမြို့တည်ရှိပါသည်။ ရွာသာကျေးရွာသည်မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသဖြစ်သည်။ အမြင့်ဆုံးအပူချိန်မှာ**(၄၂.၈ ံC)**နှင့် အနိမ့်ဆုံးအပူချိန်မှာ(၂၇ ံC)ဖြစ်ပါသည်။တစ်နှစ်ပျမ်းမျှမိုးရွာသည့်ရက်မှာ (၁၀၇)ရက်ဖြစ်ပါသည်။ မိုးရေချိန်မှာ(၉၃.၉၇") ဖြစ်ပါသည်။ မိုးရွာသွန်းမှုအများဆုံးကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လများဖြစ်ပါသည်။

ရွာသာကျေးရွာသည် ရွာသာလက်ခုပ်ပင်အုပ်စုတွင်ပါဝင်ပြီး ပတ်ဝန်းကျင်ကျေးရွာများမှာ ဆင်မသေကျေးရွာ၊ငြိမ်းချမ်းဦးကျေးရွာ၊ ကညင်ကောက်ကျေးရွာ၊ လက်ခုပ်ပင်ကျေးရွာ ၊ကင်မွန်းချောင်းကျေးရွာများဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

ရွာသာကျေးရွာတွင်သဘာဝဆေးဘက်ဝင်အပင်များဖြစ်သည့် ရှားဆောင်းလက်ပတ် ၊လောက်သေရွက်၊ ဆင်တုံးမနွယ်၊မြင်းခွာရွက်၊ ခွေးသေးပန်းရွက်၊

ကြိတ်မှန်ရွက်၊ရဲယိုရွက်၊ လဲလူပင်နှင့် အခြားအပင်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် ဆေးဘက်ဝင်အပင်များပေါက်ရောက်သည့် ဒေသလည်းဖြစ်ပါသည်။စိုက်ပျိုးမြေသဘာဝအရင်းအမြစ်တို့မရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ရွာသာကျေးရွာတွင် အိမ်ထောင်စု(၂၅၆)စု ရှိပြီးလူဦးရေ စုစုပေါင်း (၉၃၄)ဦးရှိပါသည်။ ပျှမ်းမျှတစ်အိမ်ထောင်တွင် (၃.၆၄)ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့်ပျှမ်းမျှ တစ်အိမ်ထောင်လျှင် (၄)ဦးနှုန်းထက်လျော့နည်းနေပါသည်။ အသက် (၁၅)နှစ် မှ(၆၅)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ(၇၀)ရှိပြီး (၁၅)နှစ်အောက်လူဦးရေ(၆၀)နှင့် အထက်လူဦးရေစုစုပေါင်း (၃၀)သည်မှီခိုသူများ ဖြစ်ကြသည်။ ကျေးရွာတွင် နေထိုင်သူဦးရေများသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ရရှိနိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏ (၆၀.၁%) နီးပါးမှာမပြေလည်သော အိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာပျမ်းမျှအားဖြင့် လယ်(၁)ကေနှင့်အထက် ပိုင်ဆိုင်ကြပြီး ခြံမြေအသင့်အတင့်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများတွင် မြေယာမဲ့ များဖြစ်သောကြောင့် နေ့စားကျပန်းအလုပ်တို့ဖြင့်ရပ်တည်နေရပ်သည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

အဆင်ပြေသောအိမ်ထောင်စုမှာ (၆)လနှင့်အထက်ချေးငှားခြင်း မပြုပဲ ထမင်းပုံမှန်နပ်မှန်အောင်စားနိုင်ကြပါသည်။ ၎င်းတို့သည် လုပ်အားကြွေးယူခြင်း၊ ဆွေမျိုးမိတ်ဆွေများနှင့် ငွေတိုးချေးစားသူများ ထံမှချေးယူခြင်း၊ ခေါက်ပြန်ပေး၊ အကြွေးယူခြင်း၊ အပြင်လုပ်အားခဖြင့် ဝယ်ယူခြင်း၊ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန်ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီးမဖူလုံသော ဆင်းရဲသောတောင်သူများအဖို့ ထိခိုက်မှုများ ရရှိနိုင်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ရွာသာကျေးရွာတွင်သာမန်ဖျားနာခြင်းမှလွဲ၍ အခြားဆိုးရွားသောရောဂါများဖြစ်ပွားမှုမရှိပါ။ ကျောင်းသား/ကျောင်းသူများအား စာသင်ကျောင်းတွင်အာဟာရတိုက်ကျွေးမှုရှိပါသည်။ သာမာန်အဖျားရောဂါများ ဖြစ်ပွားပါက ကျေးရွာတွင်ဆေးပေးခန်းရှိသောကြောင့် ကုသရာတွင် အဆင်ပြေသော်လည်း အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ တလုတ္ထောဝ်တိုက်နယ်ဆေးရုံနှင့် ဟသ်ာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ရွာသာကျေးရွာ၏ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား( ၁၄၇ ) ရှိပါသည်။ မူလအဆင့်အောင်မြင်သူများမှာ (၃)မိုင်ဝေး သောဓမ္မီ အခြေခံပညာအထက်တန်းကျောင်းနှင့် အချို့ကျောင်းသားများမှာ ဟသ်ာတမြို့များတွင် သွားရောက်ပညာသင်ကြားကြပါသည်။

ရွာသာကျေးရွာတွင် စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်ကြသည်။ စပါးနှင့် ကလောပီနံကိုမိုးရာသီတွင်စိုက်ပျိုးကြပြီးမတ်ပဲကို ဆောင်းရာသီတွင် စိုက်ပျိုးကြရပါသည်။ ကွမ်းကိုနွေ၊မိုး၊ဆောင်း သုံးရာသီလုံး စိုက်ပျိုးကြသည်။ နွား၊ဝက်၊ကြက်၊ဘဲ၊မြင်းများမွေးမြူကြသော်လည်း စီးပွားဖြစ်မွေးမြူခြင်းမရှိပေ။ စိုက်ပျိုးရေးမလုပ်သောအိမ်ထောင်စုများအနေဖြင့် ဈေးဆိုင် အရောင်းအဝယ်နှင့်ကျပန်း/ဘောက်လုပ်ကိုင်ဆောင်ရွက်ကြသည်။ တက္ကသိုလ်ဘွဲ့ရများရှိသောကြောင့် အစိုးရဌာနများတွင် တက်ရောက်အမှုထမ်းနေသော အစိုးရဝန်ထမ်းများလည်းရှိပါသည်။

## (စ) ကျား/မဆိုင်ရာဆက်နွယ်မှု

ရွာသာကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများအနက် အမျိုးသမီးများမှာ အမျိုးသားများထက်ပိုများပါသည်။ စပါးကြဲချိန်တွင် အမျိုးသားတစ်ဦးလျှင် (၅၀၀၀)ကျပ်ခန့် ရရှိကြသည်။ ကွမ်းခူးချိန်တွင် အမျိုးသမီး(၁)ဦးလျှင်(၄၀၀၀)ကျပ်ခန့်ရရှိပါသည်။နေ့စားအလုပ်လုပ်ကိုင်သူများမှာ တစ်နေ့လျှင် လုပ်အားခကျား(၅၀၀၀)ကျပ်၊မ(၄၀၀၀)ကျပ် ရရှိပါသည်။ ကျေးရွာစာတတ်မြောက်မှုအဆင့်တွင်လည်း ပညာရေးအဆင့်လိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်းကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုး

သမီးများ တက်ကြွစွာပူးပေါင်းပါဝင်ကြသည်။ သို့သော်လည်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။ ကျေးရွာတွင် အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ် အကြမ်းဖက်မှုတိုင်ကြားမှုများမရှိပါ။ လူနေမှုအဆင့်အတန်း ခွဲခြားဆက်ဆံမှုမရှိပဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး စည်းလုံးညီညွတ်စွာနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူ ပြုပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ရွာသာကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ ၊ရပ်မိရပ်ဖ၊ ဂေါပက၊ ကျောင်းအကျိုးတော်ဆောင်နှင့် အရန်မီးသတ်တပ်ဖွဲ့တို့သည် ကျေးရွာ၏သာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။ နာရေးကူညီမှုအသင်းလည်းထပ်မံဖွဲ့စည်းဆောင်ရွက်ထားပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကျေးရွာသူ/ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သွားပါမည်။

### (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

ရွာသာကျေးရွာတွင် တောင်သူများ၏ အဓိက စိုက်ပျိုးရေးသီးနှံမှာ စပါးနှင့် ရာသီကုန်သီနှံများဖြစ်ပါသည်။ ရွာသာကျေးရွာတစ်အုပ်စုလုံးသည် မိုးရာသီတွင် စပါး(၆၅၄)ကေခန့် စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ခင်းအားလုံးအနက် အချို့မှာ စေ့ကြဲခင်းစနစ်စိုက်ပျိုးပြီးအချို့မှာ လယ်စိုက်ခင်းများဖြစ်ပါသည်။ ကွမ်းစိုက်ပျိုးခြင်းနှင့်အခြားသီးနှံများ စိုက်ပျိုးခြင်းတို့ကို လယ်အလုပ်နှင့် တွဲဖက်

လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးနှင့်အရောင်းအဝယ်ကိုသာ အဓိကထား လုပ်ကိုင်သောကြောင့် ကြက်၊ဝက်၊နွားတို့ကို တနိုင်တပိုင် သာမွေးမြူကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ရွာသာကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမလုပ်သောအခြား အိမ်ထောင်စုများအနေဖြင့် အိမ်ဆိုင်၊ အရောင်းအဝယ်၊ နေ့စား၊ ပန်းရံ၊ လက်သမားနှင့် ဆိုင်ကယ်ပြင်ဆိုင်စသည်တို့လုပ်ကိုင်ကြပါသည်။ နေ့စား လုပ်ကိုင်ကြသူများမှာလည်း လယ်သမား၊ ပန်းရံ၊ ကုန်ထမ်း၊ အရောင်းအဝယ်နှင့် လယ်/ခြံထဲတွင် နေ့စားလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တစ်နေ့လျှင်ကျား(၇၀၀၀)နှင့် မ(၅၀၀၀)ခန့်ရရှိပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ရွာသာကျေးရွာသည် စိုက်ပျိုးရေး၌ သဘာဝမြေသြဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓါတ်မြေသြဇာ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက်ပိုမိုအသုံးပြုလာကြသောကြောင့် စိုက်ပျိုးမြေများမှ မြေဆီမြေသြဇာများခမ်းခြောက်လာပြီး မြေဆီလွှာများ ပျက်ဆီးမှုများဖြစ်ပေါ်နေပါသည်။ မြေဆီလွှာပျက်ဆီးလာသောကြောင့် သဘာဝအပင်မျိုးစေ့များလည်း ရှားပါးလာကာအပင်များအတွက် ရောဂါများကာကွယ်ထိန်းချုပ်မှု အားနည်းသောကြောင့် ဖျက်ပိုးများကျရောက်မှုရှိနေပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင်စီမံပေးခြင်းမရှိပါ။ သဘာဝဘေးအန္တရယ်ကြိုတင် ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ ကျေးရွာအုပ်စုအတွင်း တိုက်နယ်ဆေးရုံနှင့် ရဲစခန်းမရှိသဖြင့် ကျေးရွာ လုံခြုံရေးအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ၊ ကျေးရွာလူငယ်များမှ အဆင်ပြေသလို ဆောင်ရွက်ပေးကြပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့သည် ငွေချေးရန်အရင်းအမြစ်များဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီး တစ်ဧကလျှင်(၁၅၀၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ (၁၅၀၀၀၀၀)ကျပ်ဖြစ်

သည်။အတိုးနှုန်းမှာ(၁.၈၀)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ(၇)လဖြစ်သည်။

လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေမရရှိသဖြင့် မရရှိသဖြင့်အပြင်လုပ်ငန်းရှင်များထံမှ ငွေတိုးချေးယူသုံးစွဲရပါသည်။ ချေးငွေ အတိုးနှုန်းများသည့်အတွက် လုံလောက်သောချေးငွေပမာဏအား နှစ်ရှည် အနည်းဆုံး(၃)နှစ်ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာအသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန်(၅၀၀၀)ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့်ပုံစံ(၂)မျိုးရှိသည်။ အတိုးနှုန်းလည်း မတူချေ။ ငွေပမာဏမှာတစ်ဦးလျှင် ပထမအကြိမ် (၁၀၀၀၀၀)ကျပ် ထုတ်ချေးနိုင်ပါ သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွာသာကျေးရှိ(အ.မ.က)ကျောင်းဆောင်မှာ RC တစ်ထပ်ကျောင်း ဆောင်ဖြစ်ပါသည်။ ကျောင်းဆရာ(၁)ဦး၊ဆရာမ(၈)ဦးရှိပြီး ကျောင်းသားဦးရေ မှာ (၁၁၄)ဦးရှိပါသည်။ အောင်ချက်မြင့်မားလာစေရန်အတွက် တွန်းအားပေး ဆောင်ရွက်ရန်လိုအပ်ပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်ပေါင်း(၂၅၀)လုံးရှိပြီး သောက်သုံးရေ ဖူလုံမှုရှိပါသည်။ ကျောင်းသား/ကျောင်းသူများ၏ လက်ရှိသောက်သုံးရေ အတွက် စက်တွင်းနှင့်ဂါလံ(၅၀၀၀)ဆန့်မိုးရေကန်ရှိပါသည်။

ကျေးရွာတွင်ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများလစဉ် ကျန်းမာရေးဝန်ဆောင်မှုများကို ကျန်းမာရေးဝန်ထမ်းများမှ ထိုးနှံပေးသော ကြောင့် ကလေးများနှင့်ကိုယ်ဝန်ဆောင်မိခင်များဖြစ်ပေါ်တတ်သော ရောဂါ များ ကင်းဝေးကြပါသည်။

သာမန်အဖျားအတွက် ကျေးလက်ကျန်းမာရေးဌာနတွင် ပျောက်ကင်း သော်လည်းဆိုးဝါးသော ရောဂါများနှင့် မတော်တဆဖြစ်မှုများအတွက် ကျေးရွာနှင့် (၁၀)မိုင်ကွာဝေးသော ဟသ်ာတမြို့သို့ သွားရောက်ကုသရပါ သည်။ သောက်သုံးရေအတွက် လက်နှိပ်တုံကင်များနှင့်စက်တွင်းများမှ ရရှိပါ သည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှကျေးရွာ၏သာရေးနာရေးဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များမှကျေးရွာ၏သာရေးနာရေးလုပ်ငန်းများတွင် အားတက်သရောလုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းနေပါသည်။ ကျေးရွာမှလူကြီးများ၏ လက်တွဲခေါ်ယူမှုကလည်း လိုအပ်နေပါသည်။ လူငယ်အဖွဲ့ဖွဲ့စည်းရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။

## (ဇ) အခြေခံ အဆောက်အဦး/ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာအတွင်း သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော ယာဉ်များမှာစက်ဘီး(၂၅၀)စီး၊ဆိုင်ကယ်(၂၃၀)စီး၊ ထော်လာဂျီ(၁၀)စီး၊ ကား(၅)စီး၊ နွားလှည်း(၇)စီးရှိပါသည်။ ကျေးရွာမီးအလင်းရောင်အတွက် ယခင်က ဖယောင်းတိုင်နှင့်မီးခွက်ကိုသာ သုံးစွဲနေရပြီး ယခုအခါဆိုလာမီးကို မိမိအစီအစဉ်ဖြစ်သာဝယ်ယူသုံးစွဲနေရပါသည်။ ရွာသာကျေးရွာသည် ၂၀၁၈-၂၀၁၉ခုနှစ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေးစီမံကိန်း ပြည်သူ့ပူပေါင်းငွေဖြင့် မီးလင်းရေးလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာတွင် တယ်လီဖုန်းလိုင်းနှင့် ဂြိုလ်တုစလောင်းများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ အင်တာနက်လိုင်း ကောင်းမွန်စွာ အသုံးပြုနိုင်ပါသည်။ ဖုန်း၊စလောင်း၊ရေဒီယိုတို့ကို အသုံးပြုနိုင်သောကြောင့် သတင်းအချက်အလက်များကိုအချိန်နှင့်တပြေးညီရယူနိုင်ပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ရွာသာကျေးရွာသည် မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့်ပြဿနာကြီးကြီးမားမားမရှိပါ။ ဘုန်းတော်ကြီးများ၏ဆုံးမမှု၊လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့်အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အမှုအခင်းဖြစ်ပွားခြင်းမရှိပါ။ ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ရာအိမ်မှူး၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့် အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ရွာသာကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ ကျေးရွာလူထု၏(၇၀.၃%)ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်းရှိပါသည်။ လူကြီး၊လူလတ်၊လူငယ်လက်တွဲပြီးကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများမှာလည်း အနာဂတ်ကာလများအတွက် အားရဖွယ်ရာပင်ဖြစ်ပါသည်။

ရွာသာကျေးရွာသည် စိုက်ပျိုးရေးနှင့်အရောင်းအဝယ်ကို အခြေခံပြီး စီးပွားရေးလုပ်ကိုင်ကြသောကြောင့် ကွမ်းစိုက်ပျိုးခြင်း၊ ဈေးရောင်းခြင်း၊ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းများ လုပ်ကိုင်ဆောင်ရွက်ကြသဖြင့် လမ်းပန်းဆက်သွယ်ရေး ဒီထက်မကကောင်းမွန်လာပါက ကျေးရွာသူ/ကျေးရွာသားများ၏ စီးပွားရေးမှာ ပိုမိုကောင်းမွန်အဆင်ပြေလာနိုင်ပါသည်။

ရွာသာကျေးရွာရှိ မူလတန်း(လွန်)ကျောင်းမှ ကျောင်းသား / သူများအတွက် သင့်တော်သောဆရာ၊ဆရာမလုံလောက်မှုရှိသည့်အပြင် မိဘဆရာအသင်းမှာလည်းစည်းလုံးတတ်ကြွစွာ လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းမှ ျမူလတန်းလွန်အဆင့်ပညာရေးအတွက် ကောင်းမွန်သော အလားလာများဖြစ်ပါသည်။ ထို့အပြင် ရွာသာ အ.မ.က မူလွန်ကျောင်းနှင့် ကျေးရွာအကွာအဝေးမှာပေ(၅၀၀)ရှိသောကြောင့် သွားလာရေးအဆင်ပြေပါသည်။ ဟသ်ာတမြို့နယ်ပြည်သူ့ဆေးရုံနှင့်မိုင်(၁၀)မိုင်ခွဲခန့်ကွာဝေးပြီး တလုတ္တော်မြို့ဆေးရုံ၊(၃)မိုင်ဓမ္မီဆေးရုံတို့နှင့် (၃)မိုင်သာကွာဝေးပါသည်။ မည်သည့်ဆေးရုံကိုမဆိုကားလမ်းနှင့်တသွယ်၊ ရထားနှင့်တဖုံ၊ ဆိုင်ကယ်နှင့်တသွယ် အလွယ်တကူသွားလာနိုင်ပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

#### (၁)စိုက်ပျိုးရေး

ရွာသာကျေးရွာတွင် ကွမ်းစိုက်ပျိုးခြင်း၊ ရာသီပေါ်သီးနှံ စိုက်ပျိုးခြင်းနှင့် တနိုင်တပိုင်စိုက်ပျိုးခြင်းများလုပ်ကိုင်ကြပါသည်။ နွေရာသီတွင် စိုက်ပျိုးရေးအတွက်အဝီစိတွင်းများကိုအသုံးပြုကြပါသည်။

(၂)မွေးမြူရေးနှင့်ရေလုပ်ငန်း

ရွာသာကျေးရွာတွင် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်များ ကိုသာ တပိုင်တနိုင်မွေးမြူကြပြီးရေလုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။

(၃)ပညာရေး

ရွာသာကျေးရွာ၏ အလယ်တွင် မူလတန်းလွန်ကျောင်းရှိပြီး သွားလာရေးနှင့် ပတ်သက်၍ အစစအရာရာ အဆင်ပြေသော ကြောင့် ပညာရေးနှင့်ပတ်သက်၍ အဟန့်အတားနှင့်စိန်ခေါ်မှုများ မရှိပါ။

(၄)ကျန်းမာရေး

ရွာသာကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ဟသ်ာတ ပြည်သူ ဆေးရုံသို့လည်းကောင်း၊ တလုတ္တော်ဆေးရုံကိုလည်းကောင်း၊ ဓမ္မီဆေးရုံသို့လည်းကောင်းသွားရောက်ကုသနိုင်ပါသည်။ ကျေးရွာတွင် လည်းဆေးပေးခန်းရှိသောကြောင့် အခက်အခဲမရှိပါ။ အရေးပေါ်ကိစ္စရပ်များကိုမူ(၁၀)မိုင်ခန့်ဝေးသောဟသ်ာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ကုသကြပါသည်။

၁၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘူယျအားဖြင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲကျသောအခါ လူထုပူးပေါင်း ဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့်ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူကျေးရွာသားများဝင်ငွေတိုးတက်ရေးတစ်ဦးချင်းစွမ်းဆောင်ရည်တိုးတက်ရေးနှင့်ပညာရေးကိုအလေးထားပြီးခလေးများနှင့်လူငယ်များအတွက်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့်ရည်မှန်းချက်များကိုလည်း (၂၀၁၉ ၂၀၂၃) (၅နှစ်တာကာလ) အတွင်းအောက်ပါ အတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်း၊မွေးမြူရေး များတိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့်ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအားပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကြောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီးစီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြှင့်လာရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်းစေရန်၊ သန့်ရှင်းသောသောက်သုံးရေရရှိရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီးလူနေမှုအဆင့် အတန်းမြင့်မားလာရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများကို ကျင့်သုံး၍စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်–

(၁) ကျေးရွာတွင်မီးလင်းရေးအတွက်လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် ကျေးရွာဆက်သွယ်ရေးလမ်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းပြီးပြုပြင် ဆောင်ရွက်သွားပါမည်။

(၂) ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများ အားအဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထု၏လုပ်အား ပေါင်းစပ်ကာလုပ်ဆောင်သွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများကြားအစီစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့ တို့၏အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်အလွန်အရေးပါသည်။ အနာဂါတွင်ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ရွာသူ/သားများ ကိုယ်တိုင်အားထုတ်မှုများကိုပြန်လည်စစ်ဆေးခြင်း နှင့်ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များကို အချိန်မှီပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်ရန် အကူအညီများ ဆက်လက်ရရှိ မည်ဟု မျှော်လင့်ပါသည်။

(ခ) **ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ**

ရွာသာကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူ ရေးအခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှု ကလည်းအဓိကဖြစ်ပါသည်။ ကျေးရွာတွင်ချေးငွေများထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ(ကာလတိုချေးငွေ) တခု တည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုး သူတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် စေနိုင်မည်။ နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင်အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရ မည်။ စီမံကိန်းကာလ(၅)နှစ်တာကာလအကျော်လွန်ချိန်တွင် ဖော်ပြပန်းတိုင်များကိုပြီးမြောက် အောင်ဆောင်ရွက်နိုင်ရန်စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအနေဖြင့် မရှိမဖြစ် လိုအပ်ပါသည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ရွာသာကျေးရွာသည် (၅)နှစ်တာကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန် တွင်စိစစ်ရွေးချယ်ထားသည့်ဦးစားပေးစီမံချက်များမှာပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ထို့ကြောင့်ကျေးရွာလူထုသည်စီမံချက်များကိုအကောင်အထည် ဖော်မှု(၂)နှစ်နှင့် (၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅)နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန်လိုအပ်ပါသည်။ ထို (၅)နှစ်တာကာလအကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် သဘာဝဘေးအန္တ

ရာယ်များကျရောက်မှုမရှိလျှင် နည်းဗျူဟာစသည် ပြောင်းလဲမှုမရှိပဲထပ်တိုး စီမံကိန်းများရှိလာနိုင်ပါသည်။

ထို့ကြောင့်ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်မှုအစီအစဉ်များပြုပြင်မွမ်းမံခြင်းတို့ကိုလွယ်ကူစေ ရန်ဦးတည်ပါသည်။

ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်အရေးပေါ် ဘေးအန္တရာယ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်ပေါ်မူတည်၍ ဦးစားပေးအစီအစဉ် များပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့(၅)နှစ်တာအတွင်း ရေးဆွဲ ထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်အတွင်း နှစ်အလိုက်ဆောင်ရွက် ရမည့်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်ရမည်ဖြစ်သည်။

## (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၏စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ် စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲ သည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ် ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ် စွမ်းဆောင် ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

(၁) လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာန များ၊ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များ အလိုက်ဖော်ထုတ် ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းစီမံချက် ဘတ်ဂျက် အမျိုးအစားသည်မည်သည့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ် သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။
-သာမန်အသုံးစရိတ်

-ငွေလုံးငွေရင်းအသုံးစရိတ်၊

-စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

-လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင်ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ယင်းလုပ်ငန်းများအနက်တက်ရောက်သူ ကျေးရွာသူ/ကျေးရွာသားအုပ်စု (၅)စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေး အဆင့် |
|---|---|---|---|---|
| ၁။ | မီးလင်းရေး | လျှပ်စစ်ဓာတ်အားရရှိရေး | ၁၀၀ | ၁ |
| ၂။ | လမ်း | ကျောက်ချောလမ်းခင်းခြင်း | ၉၆ | ၂ |
| ၃။ | ပညာရေး | ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ၈၈ | ၃ |
| ၄။ | ရေသန့်စက်ရေတွင်း | သန့်ရှင်းသောသောင်သုံးရေရရှိရေး | ၇၃ | ၄ |
| ၅။ | စိုက်ပျိုးရေး | မျိုးကောင်းစပါးများရရှိရေး | ၇၀ | ၅ |
| ၆။ | လူငယ်ဖွံ့ဖြိုးရေး | လူငယ်များကစားကွင်းရရှိရေး | ၆၂ | ၆ |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည်။ ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်း ပေးမည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁။ | လျှပ်စစ်မီးလင်းရေး | ၁ | ✔ | ✔ | | | |
| ၂။ | ကျေးရွာတွင်းကျောက်ချော လမ်းခင်းခြင်း | ၂ | | ✔ | ✔ | | |
| ၃။ | ကျောင်းအဆောက်အဦး | ၃ | | | ✔ | | |
| ၄။ | သောက်သုံးရေတွင်း | ၄ | | | ✔ | | |
| ၅။ | စိုက်ပျိုးရေးနည်းပညာပေး သင်တန်း ဖွင့်လှစ်နိုင်ရေး | ၅ | | | | ✔ | |
| ၆။ | ကစားကွင်းရရှိရေး | ၆ | | | | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်း ဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှု ဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | လျှပ်စစ်မီးရရှိရေး | | | ✔ | | |
| ၂။ | ကျောက်ချောလမ်းခင်းခြင်း | | | ✔ | | |
| ၃။ | ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | | | ✔ | | |
| ၄။ | သောက်သုံးရေတွင်း | | | ✔ | | |
| ၅။ | စိုက်ပျိုးရေးပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | | | | ✔ | |
| ၆။ | ကစားကွင်းရရှိရေး | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်

ရှက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြင့်ခြင်း လုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေး စီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန် ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ် ရေးဌာနနှင့် ရယူရပါမည်။ ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာအကူအညီများရယူပါလိမ့်မည်။

**(၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ဤလုပ်ငန်းအမျိုး အစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ
  (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်း တွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည် ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုး ရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော

ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

